

## ဗူးဆိုဖရုံမသီးဘူး

ဘန်ကီမွန်းနဲ့သန်းရွှေ
အပန်းပြေဖို့တွေ့ဆုံကြ
ဒါဟာ ဒုတိယ။
ဒီတခေါက်ကျတော့ သန်းရွှေ
ထွက်တော့တွေ့ရှာပလေ
အမေစုနဲ့ တွေ့ဆုံရေး
သန်းရွှေကတော့ ခွင့်မပေး
အေးအေးဆေးနဲ့တောင်းပန်ပြန်
သန်ရွှေကတော့ လက်မခံ
သူ့ဟိတ်ဟန်နဲ့ အတန်တန်ငြင်း
အမူရာကလဲ မာတင်းတင်း။

လက်မြောက်ခြင်းနဲ့ နောက်ပြန်ဆုတ်
ဘန်ကီမွန်းကခေါင်းကိုကုတ်
အဟုတ်ပါဗျာ သန်းရွှေဆိုတဲ့သူက
တကယ့်လူဗျ တဲ့။

ပြောလိုက်ပါသေး
သူတို့အကောင်းဆုံးအခွင့်ရေး
လွတ်သွားပြီတဲ့လေး။

ဩော် ဘန်ကီမွန်းနှယ် ဘန်ကီမွန်း
လူမဆန် မူမမှန်တဲ့ တယူသန်နွားကြီးကို
(ခင်ဗျားမို့လို့)
လူသားမှတ်ပြီး သွားဆက်ဆံတာ
ခဲမှန်တာတောင် နည်းသေးတယ်။

ကိုကိုအောင်(ဆန်ဖရန်စစ္စကို) ၇-၅-၀၉